


# အီဂါမြို့ရဲ့နေထိုင်သူဖြစ်လာမယ့် သင့်အတွက်



## ■အီဂါမြို့သို့ ကြိုဆိုပါတယ်■

ဤလမ်းညွှန်စာအုပ်ကို အီဂါမြို့တွင် နေထိုင်သော နိုင်ငံခြားသားများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန် ဖန်တီးထားခြင်းဖြစ်သည်။

နေထိုင်ရန် သိထားသင့်သော အချက်အလက်များနှင့်အသက်ကို ကာကွယ်ဖို့ လိုအပ်သောအချက်အလက်များ ပါဝင်ပါတယ်။




သေချာပေါက်ဒီလမ်းညွှန်စာအုပ်ကို ဖတ်ပါ။

## ■အီဂါမြို့က ဘယ်လိုမြို့မျိုးလဲ?■

အီဂါမြို့သည် မိအဲစီရင်စု၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်။ ရှိဂါစီရင်စု၊ ကျိုတိုစီရင်စု နှင့် နာရာစီရင်စုတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။ အိုဆာကာ၊ ကျိုတို နှင့် နာဂိုယာမြို့များသို့ ကားဖြင့် 80 မိနစ်ခန့် ကြာမြင့်ပါသည်။

အီဂါမြို့တွင် လူဦးရေ 83000 ဦးခန့် နေထိုင်ကြသည်။ ၎င်းတို့အနက် 6300 ဦးခန့်သည် နိုင်ငံခြားသားများဖြစ်သည်။ (2025 ခုနှစ် ဒီဇင်ဘာလကုန်အထိ)

"မတ်ဆုအို ဘာရှို" နှင့် "အီဂါ-ရူးနင်ဂျာ" တို့၏ ဇာတိမြို့အဖြစ် ကျော်ကြားသည်။

### အီဂါမြို့ရဲ့ပန်းများ၊ သစ်ပင်များ၊ ငှက်များ



ဆာဆာ



ထင်းရှူးနီ



ကီဂျိ